**ရှာဖွေတွေ့ရှိခြင်း**

**လမ်းညွှန် (၂၀)**

## အတူတကွပေါင်းဖေါ်ခြင်းဖြင့် တိုးပွားခြင်း၏ သော့ချက်

၁၉၆၀ ပြည့်နှစ်တွင် အင်ဒရူး(ခေါ်)ဟော်လန်မှအသင်းသားတစ်ဦးသည် မိမိ၏ကားဖြင့် ရှိမေးနီးယား တိုင်းပြည်နယ်စပ်ကိုကျော်ဝင်ကာ ကျမ်းစာအုပ်များသယ်ဆောင်လာပါသည်။ နယ်စောင့်တို့သည်လည်း သေချာစွာ မစစ်ဆေးသဖြင့် ကောင်းမွန်ချောမောစွာဟော်တယ်တစ်ခုသို့ရောက်လာပါသည်။ ဟော်တယ်သို့ရောက်သောအခါ ခရစ်ယာန်မိတ်ဆွေများနှင့်တွေ့ရန်၊ ခရစ်ယာန်အသင်းသူအသင်းသားများနှင့်တွေ့ရန်ဆုတောင်းခဲ့ပါသည်။ ၎င်းအပတ် ဆုံးတွင် ဟော်တယ်စာရေးမအား ဘုရားကျောင်းမည်သည့်နေရာတွင်တွေ့ရှိနိုင်ကြောင်းမေးမြန်းခဲ့ပါသည်။ စာရေးမသည် သူ့အားအံ့သြသောအသွင်အပြင်ဖြင့်ကြည့်ရှု၍ ရှင်တွေ့လိုသောသူများနှင့်သော်လည်းကောင်း၊ ဘာသာစကားကိုနားလည် ခြင်းကတကြောင်းသော်လည်းကောင်း ပြောပြသောအခါ အင်ဒရူးက ထိုသူများကိုခင်ဗျားသိပါသလား။ သူတို့သည် ကမ္ဘာ့ဘာသာစကားကိုပြောနိုင်ကြောင်းပြောပြသောအခါ စာရေးမလေးက ဟုတ်ကဲ့၊ မည်သည့်ဘာသာစကားများ ဖြစ်နေပါမည်နည်းဟုမေးသော် အင်ဒရူးက ၎င်းစကားကို အဲဂပီး (မေတ္တာစကား) ဟုခေါ်သည်။ ၎င်းစာရေးမလေးက ကျွန်မတစ်ခါမျှမကြားဖူးပါဟုပြန်ဖြေပါသည်။ သို့ရာတွင် သူမအား ဤစကားသည်အနက်နှင့်ပြည့်စုံ၍ လောကကြီးတွင် အလှပဆုံးသောစာသားစကားများဖြစ်ကြောင်းပြောပြလေသည်။ အင်ဒရူးသည် ၎င်းဟော်တယ်အနီးအနားတွင် အသင်းတော်အများရှိကြောင်းတွေ့ရပါသည်။ ၎င်းနေရာတွင် အသင်းတော်ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့အား တွေ့ဆုံ ဆွေးနွေးရန်ချိန်းဆိုခဲ့ပါသည်။ အင်ဒရူးနှင့် ၎င်းသာသနာပိုင်ပုဂ္ဂိုလ်များတို့သည် ဥရောပရှိဘာသာစကားတော်တော် များများကိုနားလည်သော်လည်း အင်ဒရူးနှင့်သူတို့သည်အတွေးအခေါ်ခြင်းမတူညီကြောင်းသိရပါသည်။ အင်ဒရူးသည် ၎င်းဘာသာရေးပုဂ္ဂိုလ်ကြီးများနှင့်ပြောဆိုတိုင်ပင်ဆွေးနွေးသောအခါ အမှန်တကယ်ခရစ်ယာန်ခေါင်းဆောင်များလော (သို့တည်းမဟုတ်) ထောက်လှမ်းရေးများလောဟု နှစ်ဦးနှစ်ဖက်တို့သည်စဉ်းစားနေကြသောအခါ အင်ဒရူးသည် သူ၏ တန်ဖိုးမဖြတ်နိုင်သောကျမ်းစာအုပ်များကိုယူလာသောကြောင့် မည်ကဲ့သို့အသုံးချရမည်ကိုစဉ်းစားနေချိန်တွင် အင်ဒရူးသည် သူတို့၏စားပွဲခုံပေါ်တွင် ရှိမေးရီးယားကျမ်းစာအုပ်ကိုတွေ့လိုက်ရသောအခါ သူသည်ဟော်လန်ဘာသာစကားဖြင့်ရေးထား သောကျမ်းစာအုပ်ကို သူ၏အိတ်မှဆွဲထုတ်လိုက်လေသည်။ ထိုအခါအင်ဒရူးသည် (၁ကော ၁၆း၂၀) ကိုဖွင့်၍ သူတို့အား ကျမ်းစာ၏အမည်ကိုလက်ညှိုးဖြင့်ထောက်ကာပြလေသည်။ သူတို့သည် ထိုသို့ပြသည်ကိုနားလည်၍ မျက်နှာသည်ရွှင်လန်း လာ၍ သူတို့၏ဘာသာစကားဖြင့် ရေးထားသောကျမ်းစာအုပ်ကိုဖွင့်၍ ၎င်းစာသားကိုဖတ်လိုက်ပါသည်။ ထိုသူတို့ သည် အင်ဒရူးကိုကြည့်၍ပြုံးပြကာ (သု၊ ၂၅း၂၅) ကိုထောက်ပြလေသည်။ အင်ဒရူးသည်ကျမ်းစာကိုဖွင့်၍ ဖတ်လိုက်သောအခါ "ဝေးသောပြည်မှရောက်လာသောဝမ်းမြောက်စရာသတင်းစကားသည် ရေငတ်သောသူ၌ ချမ်းအေးသောရေကဲ့သို့ဖြစ်၏။"

ဤလူနှစ်စုသည် ကျမ်းစာရှိတရားစကားများတို့ကို တစ်နာရီခန့်တိုင်ပင်ဆွေးနွေးပြီးသည့်နောက်ပိုင်းတွင် ခရစ်ယာန်အချင်းချင်းပေါင်းဖေါ်ရသောကြောင့် မျက်စိမှမျက်ရည်များပင်ကျလာခဲ့သည်။ အင်ဒရူးသည် ဤနေရာ၌

ခရစ်ယာန်ညီအစ်ကိုများကိုတွေ့ဆုံခဲ့ကြောင်းသိရသည်။ အင်ဒရူးသည် မိမိယူလာသောကျမ်းစာအုပ်များကိုမြင်ရသော အခါ ဝမ်းသာလုံးဆို့၍ အင်ဒရူးအားပွေ့ဖက်လေသည်။ ၎င်းညနေတွင် ဟော်တယ်သို့ရောက်သောအခါ စာရေးမ လေးက အင်ဒရူးဆီလာ၍ အင်ဒရူးရှင်းပြသောအဲဂပီးစာလုံးကို အဘိဓာန်၌ရှာသောအခါ ၎င်းစကားသံနှင့်စာလုံး ပေါင်းအရ အဘိဓာန်တွင်မတွေ့ရကြောင်းပြောပြပါသည်။ အင်ဒရူးကလည်း ၎င်းစာလုံးသည် ဟေလသဘာသာ စကားအရ မေတ္တာဆိုသောစကားဖြစ်ကြောင်းပြောပြသည်။ ဤလမ်းညွှန်ထဲတွင် သင့်အားမေတ္တာစက်ဝိုင်းထဲသို့ ဘုရားသခင်သည်ခေါ်သွင်းနေကြောင်းသိရှိပါမည်။

## ၁။ အသင်းတော်သည် တစ်ဦးနှင့်တစ်ဦးပေါင်းဖော်ရန်ပြုလုပ်ဖန်တီးပေးသည်

ခရစ်တော်သည် အသင်းတော်ကိုတည်ထောင်ရခြင်းမှာ အခြေခံအသင်းသားများ၏လိုလားချက်ဖြစ်သော ကြီးထွားခြင်းနှင့် တစ်ဦးကိုတစ်ဦးမစခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်အကူအညီအမအစလိုပါသည်။ ထို့ကြောင့် အသင်းတော်ကိုတည်ထောင်ရခြင်း၏အခြေခံတရားမှာ တစ်ဦးကိုတစ်ဦးကူညီမစရခြင်းဖြစ်သည်။ အသင်းတော်တွင် တစ်ဦးကိုတစ်ဦးပေါင်းသင်းဆက်ဆံ၍ လိုအပ်လျက်ရှိသောသူများကိုကူညီမစရမည်။ ကျမ်းစာ၏ဖေါ်ပြချက်အရ၊ တိုးတက်ကြီးပွားလျက်ရှိသောတမန်တော်အချိန်အခါရှိအသင်းတော်ကြီးသည် ယောကျ်ားများနှင့်မိန်းမများတို့ကိုခေါ်ဆောင် စည်းရုံးကာ ပျော်မွေ့သောမိတ်သဟာယဖွဲ့ခြင်းများကိုဖိတ်ခေါ်ဆက်သွယ်၍ ခရီးအဆုံး၊ ဘုရားသခင်၏နိုင်ငံတော်အထိ ရှိနေကြောင်းကိုပြသည်။ “ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း မိတ်သဟာယ ဖွဲ့ရသည်ဖြစ်၍ သင်တို့သည် ငါတို့နှင့်မိတ်သဟာယဖွဲ့စေခြင်းငှါ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားပြသကြ၏။ သင်တို့၏ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှါလည်း ဤအရာများကို ငါတို့သည်ရေးလိုက်ကြ၏” (၁ယော ၁း၃၊ ၄)။ ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ရခြင်းကြောင့် အသင်းတော်မိသားစုများတို့သည်တစည်းတလုံးတည်းဖြစ်လာ၍ တစ်ယောက်စီတို့၏လက်တွေ့ဗဟုသုတတွင်ပြည့်စုံသောဝမ်းမြောက်ခြင်းရရှိခဲ့ပါသည်။ သူတို့သည် ဘာသာစကား တစ်မျိုးတည်းဖြင့် မေတ္တာစကားကိုပြောခဲ့ပါသည်။ ခရစ်ယာန်များတို့သည် တစ်နေ့တခြားမိသားစုများကဲ့သို့ဖြစ်လာကြသည်။ သူတို့သည် ညီရင်းအစ်ကိုမောင်ရင်းနှမခရစ်တော်အားဖြင့် ကူညီ သောသဘောထားကြောင့် အသင်းတော်ကြီးဖြစ်လာပါသည်။ ယုံကြည်ခြင်း၏ညီညွတ်မှုသည် တစ်နေ့တခြားကျယ်ပြန့်လာ၍ အထူးသဖြင့် ခရစ်ယာန်မိသားစုများတွင်ရှင်သန်လာပါ သည်။ ခရစ်တော်အချိန်၌ရှိခဲ့သောတမန်တော်များနှင့် အသင်းတော်သည်အလားတူပြောပြခဲ့သလို ရင်းနှီးစွာပူးပေါင်းဆက်သွယ် ခြင်းတွင်ပိုမိုနီးကပ်လာပါသည်။ အထူးသဖြင့် သူတို့၏ယုံကြည်ခြင်း၊ ဘုရားသခင်ကိုချစ်ခြင်း၊ အသင်းသားအချင်းချင်း စည်းလုံးညီညွတ်ခြင်းကြောင့် လူအင်အားနည်းသော်လည်း တန်ခိုးခွန်အားချို့တဲ့သော်လည်း ညှဉ်းဆဲခြင်း၊ နှိပ်စက် ခြင်းခံရသော်လည်း ကမ္ဘာကြီးကိုပင် မှောက်လှန်သောသူများဖြစ်လာကြသည်။

## ၂။ ခရစ်တော်တည်ထောင်ခဲ့သောအသင်းတော်

ခရစ်တော်တည်ထောင်ခဲ့သောအသင်းတော်ရှိပါသလား (သို့တည်းမဟုတ်) ဘာသာရေးအဖွဲ့အစည်းတို့သည် လူကြိုက်ဆတီထွင်သောအဖွဲ့အစည်းများဖြစ်ပါသလား။ ခရစ်တော်၏အဖြေမှာ– “ငါဆိုသည်ကား၊ သင်သည် ပေတရု ဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်းကိုမရဏာနိုင်ငံ၏တံခါးတို့သည်မနိုင်ရ” (မဿဲ ၁၆း၁၈)။ ခရစ်တော်သည် ကျောက်ဆူးချိတ်ဆွဲထားသောကျောက်ဆောင်ဖြစ်၏။ တိုက်ထောင့်ကျောက်လည်း ဖြစ်၏။ သူ့အသင်းတော်၏အုတ်မြစ်ကျောက်လည်းဖြစ်၏။ ဤအသင်းတော်၏အဖွဲ့အစည်းကို မည်ကဲ့သို့ကျောက်ဖြင့် အုတ်မြစ်ချထားပါသနည်း။ “အဘယ်သို့နည်းဟူမူကား တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ် အပေါ်၌ သင်တို့သည်ထပ်ဆင့်၍တည်ဆောက်လျက်ရှိကြ၏။” (ဧဖက် ၂း၂၀)။ ဧဝံဂေလိတရားဟောကြားသောအခါ ဘုရားသခင်သည် မည်သည့်လုပ်ငန်းကိုပြီးဆုံးစေသနည်း။ “လူအပေါင်းတို့၏ရှေ့မှာ မျက်နှာပွင့်လန်းခြင်းအခွင့်ကို

ရကြ၏။ ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ်ဘုရားသခင်သည်သင်းဝင်စေတော်မူ၏” (တမန်တော် ၂း၄၇)။ ခရစ်တော်သည် အသင်းတော်ကိုတည်ထောင်ခဲ့သောအခါ သူ၏ကတိပေးထားချက်မှာ မရဏာနိုင်ငံ၏တံခါးသည်အောင်မြင်ခြင်းမရနိုင်ကြောင်း (မဿဲ ၁၆း၁၈)။ ခရစ်ယာန်အသင်းတော်သည် ဆက်လက်တည်မြဲမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ အသင်းတော်အတွက်အလွန်မှပင်တန်ခိုးကြီးသောရန်သူရှိကြောင်း–––ရောမဘုရင်များမှ အာဏာရှင်များအထိ သန့်ရှင်းသူများ၏အသွေးသည် ဘုရားသခင်၏လုပ်ငန်းကိုတိုးတက်ကြီးပွားရှင်သန်စေခဲ့သည်။ ခရစ်ယာန်တစ်ဦးသည် ကားစင်ပေါ်၌ညှဉ်းဆဲသတ်ဖြတ်ခြင်းကိုခံရသောအခါလည်းကောင်း၊ သားရဲနှင့်ခြင်္သေ့များတို့၏ရှေ့တွင်ပစ်ချခြင်းကိုခံရသောအခါတွင်လည်းကောင်း သူတို့၏နေရာတွင်ချက်ချင်းဆိုသလိုအစားဝင်ရောက်လာကြသော အမှုဆောင်အများရှိသည်။ ကဲ့ရဲ့ပြစ်တင်ရှုတ်ချတတ်သောလူများပေါ်ပေါက်လာသောအခါ ခရစ်ယာန်တို့၏အသင်းတော်နှင့် ခရစ်ယာန်တို့၏တရားများကိုယှဉ်ပြိုင်လာသောအခါ ခရစ်ယာန်တို့၏တရားသည် ထက်မြက်စူးရှသောအရည်အချင်းနှင့် လောကဓါတ်ပညာများ၏အရည်အသွေးကြောင့် အသင်းတော်သည်တစ်နေ့တခြားတိုးတက်ကြီးပွားလာသည်။ အသင်းတော်ရင်ဆိုင်ရသောအကြီးဆုံးသောအခက်အခဲတစ်ခုမှာ– ရောမဘုရင်၏ပြုလုပ်ချက်တစ်ခုမှာ နိုင်ငံတော်ဘာသာပြုလုပ်ခြင်းဖြစ်သည်။ အသင်းတော်၏ဝိညာဉ်ရေးသည် တစ်နေ့တခြားညှိုးမှိန်ပျက်ပြားလာသည် (မှောင်မိုက်သောခေတ်အချိန်)။ သို့ရာတွင် ဘုရားသခင်သည်အဓိကအခြေခံတရားများတို့ကိုကျင့်စောင့်လိုက်လျှောက်သောသစ္စာရှိယုံကြည်သူများကိုမွေးထုတ်ပေးခဲ့ပါသည်။ ထိုသူများတို့၏လုပ်ငန်းသည် မှောင်သောညတွင်တောက်ပလျက်ရှိသောကြယ်များပမာ ထွန်းတောက်ကြည်လင်လျက်ရှိပါသည်။ ပေါလုသည် ခရစ်တော်နှင့်မိမိအသင်းတော်၏ပေါင်းဖက်ဆက်သွယ်ပုံကို လင်(ခင်ပွန်း)၏ပုံနမူနာဖြင့် ကြင်နာပြတ်သားစွာဆက်သွယ်ပေါင်းသင်းပုံကိုပြထားသည် (ဧဖက် ၅း၂၃–၂၅)။ အသင်းတော်သည် အိမ်ထောင်၏မိသားစုပမာဖြစ်သည်။ အိမ်တော်တွင်တစ်ဦးနှင့်တစ်ဦးပေါင်းသင်းဆက်ဆံဆက်သွယ်ပုံကိုပြုလုပ်ရမည်။ တစ်ဦးကိုတစ်ဦးကူညီမစရိုင်းပင်းရမည်။ မိသားစုများအတွက်အကျိုးတူသက်ရောက်နိုင်သောလုပ်ငန်းများကိုသာ ရှေးရှုလုပ်ဆောင်ရမည် (ဧဖက် ၂း၁၉)။ ပေါလုကလည်း အသင်းတော်သည်အသက်ရှင်သောကိုယ်ကာယဖြစ်ရမည့်အကြောင်းနှင့်ခရစ်တော်သည် ၎င်းအင်္ဂါ၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်းပြောပြထားသည်။ “ဥပမာကား၊ ကိုယ်တစ်ခုတည်း၌အင်္ဂါအများရှိသည်ဖြစ်၍ ထိုတစ်ခုတည်းသောကိုယ်၏အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တစ်ခုတည်းဖြစ်သကဲ့သို့ ထိုနည်းတူခရစ်တော်သည်ဖြစ်၏” (၁ကော ၁၂း၁၃)။ **Revelation** သည်ထမြောက်ရှင်ပြန်သောခရစ်တော်က အသင်းတော်အတွင်းလမ်းလျှောက်နေမှုကိုဖေါ်ပြခဲ့ပါသည်။ အနက်မှာ မည်မျှချစ်ခင်မြတ်နိုးကြောင်းကိုပြသည် (ဗျာ၊ ၁း၂၀၊ ၁၂၊ ၁၃)။ ခရစ်တော်သည် သူ၏အသင်းသားများကို မည်သည့်အချိန်ကမျှမစွန့်ခဲ့ဖူးပါ။ မည်သည့်အချိန်တွင်လည်း စွန့်မည်မဟုတ်ပါ။

## ၃။ လုပ်ငန်းအစီအစဉ်ရှိသောအသင်းတော်

ဘုရားကျောင်းတွင်အများတက်ရောက်ဝတ်ပြုကိုးကွယ်ခြင်းသည် ခရစ်ယာန်တို့အတွက်အရေးကြီးသည်။ ကျွန်ုပ်တို့သည်အသင်းသူအသင်းများတို့၏မစကူညီခြင်းကိုလိုသည်။ အသင်းတော်အသက်ရှင်ခြင်းကိုပြသည်၊ ကြီးထွားခြင်းပြသည်။ အသင်းတော်၏အခြားအရေးကြီးသောအရာသုံးခုရှိပါသည်။

(က) အသင်းတော်သည် ဖြောင့်မတ်ခြင်းတရားကိုထိန်းသိမ်းရမည်။ ဖြောင့်မတ်ခြင်းတရား၏အခြေခံနှင့် ခေါင်းတိုင်ကြီးပမာဖြစ်သည် (၁တိ ၃း၁၅)။ အသင်းတော်သည် ယုံကြည်ချက်အဆင့်အတန်းကိုထိန်းသိမ်းကာ ကမ္ဘာကြီးပေါ်တွင်ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုကာကွယ်စောင့်ရှောက်ပေးသည်။ ကျွန်ုပ်တို့သည် အများစု၏ပညာနှင့်တွန်းအားကိုရယူကာ ကျမ်းစာ၏အရေးကြီးသောအမှန်တရားကိုလိုလျက်ရှိပါသည်။

(ခ) အသင်းတော်သည် ဘုရားသခင်အတွက် မည်ကဲ့သို့သောပုံနမူနာဖြင့် အပြစ်သားများအတွက် သူ၏ကျေးဇူးတရားများအားဖြင့်ပြသပေးပါသနည်း။ ကျွန်ုပ်တို့၏အသက်တာကိုပြောင်းလဲပေး၍ ဘုရားသခင်၏သားသမီးများအဖြစ်အခေါ်ခံနိုင်သောပုဂ္ဂိုလ်များဖြစ်ဖို့ရန်နှင့် သူ၏ထူးဆန်းသောအလင်းထဲသို့ကူးပြောင်းစေခြင်းဖြစ်သည် (၁ပေ ၂း၉)။

(ဂ) ဘုရားသခင်၏လူတို့သည် သူ့အတွက်လိုသည့်နေရာတွင်သက်သေခံရန်နှင့် ကောင်းကင်နိုင်ငံတော်သို့တက်ကြွပြီးသည့်နောက် ခရစ်တော်သည် သူ၏တမန်တော်များတို့အား အောက်ပါကတိကိုပေးခဲ့ပါသည်။ "ထိုသို့မရှိသော်လည်း သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်" (တမန်တော် ၁း၈)။ အသင်းတော်သည် ဘုရားသခင်၏သတင်းစကားကို ကမ္ဘာအနှံ့သို့မေတ္တာရှေ့ထားကာပြောကြားရမည်။

## ၄။ ခွန်အားရရန်ဖွဲ့စည်းထားခြင်း

ဘုရားသခင်၏အသင်းတော်တည်ထောင်ရခြင်းသည် တိကျသေချာသောဖွဲ့စည်းပုံရှိသည်။ တစ်ဦးသည် အသင်းသားအဖြစ်မှပယ်ထုတ်ပြီး တစ်ဦးကိုထည့်သွင်းကာ (မဿဲ ၁၈း၁၅–၁၈)။ ဘုရားသခင်ခန့်အပ်သောခေါင်းဆောင်သည် ကမ္ဘာ့ဌာနချုပ်ရှိသကဲ့သို့ အခြေခံအဖွဲ့အစည်း၌လည်းခန့်ထားသောခေါင်းဆောင်ရှိရသည် (တမန်တော် ၈း၁၄။ ၁၄း၂၃။ ၁၅း၂။ ၁တိ ၃း၁–၁၃)။ သူတို့သည် နှစ်ခြင်းခံပြီးသောအခါ ဖွဲ့စည်းပြီးသောအသင်းတော်၏တည်ရှိမှုသည် နှစ်ဦးနှစ်ဖက်အားပေးမှုကိုအမြဲပြုသည်။ "ထိုမှတစ်ပါး မေတ္တာစိတ်ရှိစေခြင်းငှါလည်းကောင်း၊ ကောင်းသောအကျင့်ကိုကျင့်စေခြင်းငှါလည်းကောင်း တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ထောက်စာကြည့်ရှုကြကုန်အံ့။ လူအချို့တို့၏ထုံးစံရှိသည်အတိုင်း အချင်းချင်းစည်းဝေးခြင်းအမှုကိုမရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကိုတိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကိုထောက်သဖြင့် သာ၍ကြိုးစားကြလော့" (ဟေဗြဲ ၁၀း၂၄၊ ၂၅)။

ဤသည်ကား တိုးတက်သောအသင်းတော်အဖွဲ့၏လုပ်ငန်းအကျဉ်းချုပ်ဖြစ်၏။ အသင်းသားတစ်ဦးစီတို့သည် တစ်ဦးကိုတစ်ဦးယုံကြည်ခြင်းတွင်ဆောက်တည်စေရမည်။ အချင်းချင်းအားပေးနှိုးဆော်ရမည်။ ဘုရားသခင်ဖွဲ့စည်းသောအသင်းတော်သည် ဘုရားသခင်၏လူတို့ကိုခွန်အားပြည့်စေ၍ ကမ္ဘာကြီးအတွက်လည်း အမှုတော်အကျိုးဆောင်ရမည်။ ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်တည်းလုပ်သည်ထက် အဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ အများနှင့်ပူးပေါင်း၍သော်လည်းကောင်း လုပ်ဆောင်လျှင် ကြီးပွားတိုးတက်မည်။ ဥပမာအနေဖြင့် သတ္တမနေ့ဥပုသ်အသင်းတော်သည် ကမ္ဘာ့နေရာအနှံ့အပြားကျန်းမာခြင်းလုပ်ငန်းလုပ်ဆောင်လျက်ရှိသည်။ မြို့တွင်းရှိဆေးပေးခန်းများမှ ရပ်ဝေးရှိကျွန်းကလေးအပေါ်လုပ်ကိုင်သောဆေးပေးခန်းအထိ ကျန်းမာခြင်းလုပ်ငန်းများကိုကျယ်ပြန့်စွာပြုလုပ်လျက်ရှိသည်။ ကျွန်ုပ်တို့၏စာသင်ကျောင်းများတွင်လည်း ထောင်ပေါင်းများစွာသောလူငယ်များကို သာ၍ကောင်းသောခရစ်ယာန်အသက်တာအနေဖြင့် မဟာသိပ္ပံကျောင်းကြီးဖြစ်သော လိုမာလင်းဒါ (သိပ္ပံကျောင်း/ဆေးရုံကြီး) တွင်နှလုံးအစားသွင်းခြင်း၊ ဝေးလံသောအာဖရိကတိုက်ရှိ အမှုတော်ကျောင်းကလေးများအထိ ဆေးပညာအားဖြင့် အခက်အခဲတွေ့သည့်အခါ အမအစပေးသည့်အာဒရာအဖွဲ့အထိ သာမန်အသင်းတော်နှင့်အသင်းသားများတို့သည် အဝတ်အစားပေးကမ်းခြင်း၊ ငတ်မွတ်သူကိုကျွေးမွေးခြင်း၊ အိမ်မရှိသူများကိုဆောက်ပေးခြင်း၊ ရပ်ကွက်အဖွဲ့အစည်းများအထိ လုပ်ဆောင်ပေးခြင်းဖြစ်သည်။ အသင်းသားများတို့သည်လည်း ကယ်တင်ခြင်းသတင်းစကားများကို တိုင်းပြည်ပေါင်း ၂၀၀ အထိကောင်းသောလုပ်ငန်းများကိုပေးဝေလုပ်ဆောင်လျက်ရှိသည်။ ဤလုပ်ငန်းများကိုထောက်ရှုခဲ့သောအဖွဲ့အစည်းရှိ၍ ပေးအပ်ပြီးစွန့်စားနိုင်သောသူတို့သာလျှင် ကမ္ဘာအနှံ့လုပ်ငန်းကိုထိရောက်စွာလုပ်ဆောင်နိုင်သည်။ ခရစ်တော်နှင့်တမန်တော်တို့သည် အသင်းတော်ကြီးကိုကိုယ်ကာယနှင့်နှိုင်းယှဉ်ထားသည်။ ကိုယ်ကာယ၌ရှိသောအင်္ဂါအစုံတို့သည် သူ၏နေရာတစ်ခုစီတို့၌တာဝန်ရှိသည် (၁ကော ၁၂း၁၂–၂၈)။ ကိုယ်ကာယရှိအင်္ဂါအစိတ်အပိုင်းတစ်ခုစီတို့သည်မတူသော်လည်း သူ့နေရာနှင့်သူလုပ်ငန်းများရှိသည်။ အတူတကွနှင့်တညီတညွတ်တည်းလုပ်ဆောင်ရသည်။ ဥပမာ– မျက်စိကိုကိုယ်ကာယကြီးနှင့်သီးခြားစွာထားလျှင် မျက်စိသည်မမြင်နိုင်ပါ။ ပြတ်သောလက်သည်အသုံးချ၍မရပါ။ ကျွန်ုပ်တို့သည်မျက်စိဖြစ်စေ၊ လက်ဖြစ်စေ၊ လက်ချောင်း

ကလေးတစ်ခုချို့ယွင်းခဲ့သော်ထိရောက်သေချာစွာလုပ်ဆောင်ရန်မလွယ်ပါ။ အသင်းတော်နှင့်သက်ဆိုင်ခြင်းသည် တစ်ဦးနှင့်တစ်ဦးပေါင်းသင်းခြင်းဖြစ်၍ ကိုယ်၏မိသားစုများဖြစ်လာ၍ အင်္ဂါတစ်ခုလုံးကိုတောင့်တင်းသန်မာစေသည်။

## ၅။ ဝတ်ပြုကိုးကွယ်ရခြင်းသည်ဝမ်းမြောက်စရာဖြစ်၏

ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်လိုသောဆန္ဒရှိသည်။ ထိုဆန္ဒကိုအကောင်အထည်မဖေါ်လျှင် ပျက်စီးသွားနိုင်သည်။ ဆာလံဆရာ၏ခံစားချက်တစ်ခုမှာ ဝတ်ပြုကိုးကွယ်ရာသို့သွားမည်ဟူသောဆန္ဒဖြစ်သည်။ “ငါတို့သည် ထာဝရဘုရားသခင်၏အိမ်တော်သို့သွားကြကုန်အံ့ဟု သူတစ်ပါးတို့သည်ပြောကြသောအခါ ငါသည် ဝမ်းမြောက်ခြင်းရှိ၏” (ဆာလံ ၂၂း၁)။ အများနှင့်ဝတ်ပြုကိုးကွယ်သောအခါ သီချင်းဆိုခြင်းသည်မည်မျှအရေးကြီးသနည်း။ “ထာဝရဘုရားသခင်၏အမှုတော်ကို ဝမ်းမြောက်စွာဆောင်ရွက်ကြလော့။ ရွှင်လန်းစွာသီချင်းဆိုလျက်အထံတော်သို့ဝင်ကြလော့” (ဆာလံ ၁၀၀း၂)။ ကျမ်းစာ၏ဖေါ်ပြချက်အရ အလှူငွေစွန့်ကြဲပေးကမ်းခြင်းသည် သင့်လျော်သောဝတ်ပြုကိုးကွယ်ခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ “ထာဝရဘုရားသခင်၏နာမတော်သည် ဘုန်းကြီးတော်မူသည်ဟုဝန်ခံကြလော့။ ပူဇော်သကာကိုဆောင်ခဲ့လျက် တန်တိုင်းတော်သို့ဝင်ကြလော့။ သန့်ရှင်းသောတန်ဆာကိုဆင်၍ ထာဝရဘုရားသခင်ကိုကိုးကွယ်ကြလော့။ မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ ကြောက်ရွံ့ခြင်းရှိကြလော့” (ဆာလံ ၉၆း၈၊ ၉)။ ဆုတောင်းခြင်းသည်လည်း လူများစုအတွင်းကိုးကွယ်ရာ၌အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။ “လာကြ၊ ပျပ်ဝပ်၍ကိုးကွယ်ကြကုန်အံ့။ ငါတို့ကိုဖန်ဆင်းတော်မူသောထာဝရဘုရားသခင်၏ရှေ့တော်၌ဒူးထောက်ကြကုန်အံ့” (ဆာလံ ၉၆း၆)။ ဓမ္မသစ်ကျမ်းအရ၊ ကျမ်းစာအတူတကွလေ့လာခြင်း၊ တရားဟောခြင်းတို့သည် ဝတ်ပြုကိုးကွယ်ခြင်း၏အဓိကအချက်အချာဖြစ်သည်။ ပင်တေကုတ္တေပွဲနေ့တွင် ပေတရု၏တရားဟောခြင်းမှစ၍ (တမန်တော် ၂း–) ဘာသာရေးပြုပြင်ပြောင်းလဲသောဆရာကြီးများအထိ ပြန်လည်ထကြွနိုးကြားခြင်းများလုပ်ဆောင်ရာ၌ ထိရောက်သောလုပ်ငန်းမှ ကျမ်းစာရှိအကြောင်းတရားများကိုဟောကြားခြင်းဖြစ်သည်။ အကြောင်းမှာ နှုတ်ထွက်စကားတော်သည်အသက်ရှိ၍ လျှပ်ရှားတတ်သောအရာကဲ့သို့ဖြစ်သောကြောင့် ဟေဗြဲတွင်ဖေါ်ပြထားသည်။ အမှန်တရားသည် နှစ်ဖက်သွားရှိသောဓါးထက်အသွားထက်ကြောင်းဖေါ်ပြထားသည် (ဟေဗြဲ ၄း၁၂၊ ၁၃)။

## ၆။ အသင်းတော်ကြီး၏အခြေအနေ

အချို့သောသူတို့သည် အသင်းတော်ကြီးတွင်မပြည့်စုံသောသူအများရှိသည်ဟု အပုပ်ချကြသည်။ ဆရာကြီးဟင်နရီဝပ်ဘီချား၏ဝေဖန်ချက်တွင် အသင်းတော်ကြီး၏နာမည်စာရင်းမှတ်တမ်းတွင် ကြော်ကြားသောခရစ်ယာန်ကောင်းများသာမကဘဲ အသင်းတော်သည် မပြည့်စုံသောသူအများနှင့် ပြည့်စုံသောကြောင့် ပညာပေးသောကျောင်းပမာဖြစ်ရမည်။ ကျွန်ုပ်တို့သည်တစ်ဦးမျှပြည့်စုံခြင်းမရှိသောကြောင့် အသင်းတော်သည်လည်း ဘယ်သောအခါမျှပြည့်စုံခြင်းရှိမည်မဟုတ်ပါ။ ခရစ်တော်၏ပုံပြင်တစ်ခုမှာ ပေါင်းပင်နှင့်ပြောင်းပင်တို့သည် အတူတကွပေါက်နေကြောင်းနှင့် ရှင်းလင်းထုတ်ပြစ်ရန်မလိုကြောင်း၊ အချိန်တန်မှပြောင်းပင်ကို စပါးကျီအတွင်းသို့လည်းကောင်း၊ ပေါင်းပင်ကိုမီးပုံတွင်းသို့လည်းကောင်း သူ့နေရာသူရှင်းလင်းခွဲထုတ်ပစ်မည်ဖြစ်ကြောင်းပြောပြထားသည် (မဿဲ ၁၃း၂၄–၃၀)။ ဓမ္မသစ်ရှိပေါလု၏ကျမ်းတွင် အသင်းတော်တစ်ခုစီတိုင်း၌ သီးခြားသောအခက်အခဲတစ်ခုစီရှိသည်။ ထို့နည်းတူ ယနေ့အသင်းတော်များတွင် ဆိုးဝါးသောချို့ယွင်းချက်များရှိသည်။ သို့ရာတွင် သတိပြုရမည့်အချက်တစ်ခုမှာ အမှားပြုလုပ်တတ်သောအသင်းသားများတို့သည် အသင်းတော်ကြီး၏တည်တံ့မှုကိုဘယ်သောအခါမျှပျက်စီးအောင်ပြုလုပ်၍မရပါ။ ထို့ကြောင့် မပြည့်စုံသောအသင်းတော်တိုင်းတို့သည် ခရစ်တော်၏မျက်နှာတော်ကိုအမြဲမျက်မှောက်ပြုလျက် စောင့်မျှော်နေရမည်။ အသင်းတော်သည်အပြစ်အမှားရှိသော်လည်း ခရစ်တော်သာပိုင်ဆိုင်သည်။ ထို့ကြောင့် ခရစ်တော်၏မစခြင်းကိုအမြဲစောင့်မျှော်ပါ။ “အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့သည် ကိုယ့်ခင်ပွန်းကိုချစ်ကြလော့။

ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည် တို့နှင့်လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအားပေးဆက်အံ့သောငှါ နှုတ်ထွက်စကားတော်ရေ၌ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်အဖို့အလို့ငှါ ကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဧဖက် ၅း၂၅–၂၇)။ အသင်းတော်သည် ခရစ်တော်အတွက်အလွန်မှပင်အရေးကြီးသော ကြောင့် အသင်းတော်အတွက်အသက်တော်ကိုစွန့်ခဲ့ပါသည်။ ခရစ်တော်သည် တစ်ဦးစီအတွက် ကယ်တင်ခြင်းပေးခဲ့သလို အသင်းတော်တစ်ခုစီအတွက်ကို ကယ်တင်ခြင်းပေးပါသည်။ ထို့ကြောင့် အသင်းတော်သည် သင့်အတွက်အရေးကြီး ကြောင်းကိုသင်သိရမည်။ သင်သည် ခရစ်တော်၏ကိုယ်ကာယဖြစ်သောအသင်းတော်ကြီးတွင် တစ်စိတ်တစ်ဒေသပါဝင် ပါသလား။

## ၇။ အသင်းတော်ကိုရှာဖွေခြင်း

ဤလောကကြီးတွင် မှန်သောယုံကြည်ခြင်းရှိသောသူများကို ခရစ်တော်ကတွေ့ရှိပါသလား။ "သင်တို့ကိုခေါ် တော်မူခြင်းနှင့်စပ်ဆိုင်သောမျှော်လင့်ခြင်းတစ်ပါးထဲသို့ခေါ်သွင်းတော်မူသည်နှင့်အညီ ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ် တည်းရှိ၏။ သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး" (ဧဖက် ၄း၄၊ ၅)။ ခရစ်တော်သည် ယုံကြည်ခြင်း တစ်ပါးသာရှိသောကြောင့် မည်သည့်ယုံကြည်ခြင်းသည်မှန်ကြောင်းသိနိုင်မည်နည်း။ ခရစ်တော်သည် ကျွန်ုပ်တို့ကို ယုံကြည်ခြင်းသော့ချက်တစ်ခုပေးထားပါသည်။ "ထိုသူ၏အလိုတော်သို့လိုက်ချင်သောသူမည်သည်ကား ဤတရားတော် သည်ဘုရားသခင်၏တရားတော်ဖြစ်သလော။ ငါသည် ကိုယ့်အလိုအလျောက်ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့် မည်" (ယောဟန် ၇း၁၇။ ၈း၃၁၊ ၃၂)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်သို့လိုက်ရန်ဆုံးဖြတ်သောအခါ ကျွန်ုပ်တို့ယုံကြည်သည့်တရားသည် ဘုရားသခင်၏တရားသော်လည်းကောင်း၊ လူ၏ထုံးတမ်းစဉ်လာတရားသော်လည်း ကောင်း ခွဲခြားသိမြင်မည်။ အသင်းတော်မှန်မမှန်ကိုသိနိုင်သောသော့ချက်တစ်ခုမှာ ထိုအသင်းတော်သည် ဘုရားသခင်၏ နှုတ်ထွက်တရားအတိုင်းလိုက်လျှောက်သည်၊ မလိုက်လျှောက်သည်ကိုကြည့်လျှင်သိနိုင်ပါသည်။ သမ္မာကျမ်းစာကို ယုံကြည် သောလိုက်လျှောက်သူတို့သည် ခေါင်းဆောင်အစွဲအလမ်းနှင့်အဖွဲ့အစည်းအစွဲအလမ်းကိုလုံးဝမယုံကြည်မစွဲလမ်းရပါ။ ဤမှတ်တမ်းထဲမှာ ဘုရားသခင်ဖေါ်ပြထားသောနှုတ်ထွက်တရားတော်အတိုင်း အမှန်တကယ်ပြထားသကဲ့သို့ မှန်ကန် သောခရစ်ယာန်တစ်ယောက်သည် သူ၏နှလုံးသားနှင့် သူ၏စိတ်ထားကိုမှန်သောဘုရားသခင်ထံသို့အပ်ထားခြင်းကို လက်ခံပါမည်။

–o–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၂၀) အဖြေလွှာ
## အတူတကွပေါင်းဖော်ခြင်းဖြင့် တိုးပွားခြင်း၏သော့ချက်

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁။ ကျမ်းစာအားဖြင့် စိတ်တကက်ကြွသောတမန်တော်တို့၏အသင်းတော်သည် လူများကိုပေါင်းဖော်ရန်၊
------ တစ်ဦးနှင့်တစ်ဦး။ ------ ဘုရားသခင်နှင့်။ ------ ဖာရိရှဲနှင့်။

၂။ ခရစ်ယာန်အသင်းတော်သည် သူ့အားဖြင့်တည်ထောင်ခဲ့ပါသည်။
------ ကျောက်ဆောင်တည်းဟူသောခရစ်တော်။
------ နှစ်ခြင်းဆရာယောဟန်။
------ တမန်တော်ပေတရု။

သမ္မာကျမ်းစာသည် သူနှင့်သူကိုနှိုင်းယှဉ်ထားပါသည်။
------ ခင်ပွန်းနှင့်ဇနီးတို့ပေါင်းဖော်ခြင်း။
------ အသက်ရှင်သောကိုယ်အင်္ဂါအစိတ်အပိုင်း။
------ မိသားစုအိမ်ထောင်သားများ။
------ ရွှေမီးခွက်တိုင်။

၃။ ခရစ်တော်သည်အသင်းတော်ကိုတည်ထောင်ခဲ့သောကြောင့်၊
------ အသင်းသားတိုင်းတို့သည် ကူညီမစခြင်းရှိသောကြောင့် ယုံကြည်ခြင်းသည်အသက်ရှင်၍ ကြီးထွားလာသည်။
------ ဘုရားသခင်၏အမှန်တရားကို လောကတွင်ကာကွယ်ထိန်းသိမ်းရန်ဖြစ်သည်။
------ ဘုရားသခင်၏ကျေးဇူးတရားတော်သည် အပြစ်သားများအတွက်ပုံနမူနာအဖြစ် အကျိုးဆောင်ပေးသည်။
------ အသင်းသားတို့ကိုကမ္ဘာကြီးရှိလူများအားလုံးတို့အတွက်သက်သေခံပေးရန်ဖြစ်သည်။

၄-၆။ ဘုရားသခင်သည် အသင်းတော်ကိုတည်ထောင်သောအခါ တိကျသေချာသောအဖွဲ့အစည်းရှိသည်။
------ သို့မှသာလျှင် အသင်းသားအချင်းချင်းတစ်ဦးကိုတစ်ဦးအားပေးနိုင်မည်။
------ သို့မှသာလျှင် အသင်းသားတို့သည် ဘုရားဝတ်ပြုခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းနှင့် သီချင်းဆိုခြင်းအားဖြင့် အတူတကွပေါင်းဖော်နိုင်သည်။
------ သို့မှသာလျှင် အသင်းတော်ကြီးသည် ပြည့်စုံသည်ဟုမြင်နိုင်မည်။
------ အကြောင်းမူကား သူ၏နက်ရှိုင်းသောမေတ္တာသည် အသင်းတော်အတွက်ဖြစ်သောကြောင့်ဖြစ်သည်။

၇။ ခရစ်တော်တည်ထောင်ခဲ့သည်။

------ မှန်သောယုံကြည်ခြင်းရှိသည့်အသင်းတော်များ။

------ မှန်သောယုံကြည်ခြင်းရှိသည့်အသင်းတော်တစ်ခုသာ။

မှန်သောယုံကြည်ခြင်းရှာဖွေရန် ခရစ်တော်ပေးခဲ့သောသော့ချက်မှာ၊

------ ဘုရားသခင်၏အလိုတော်သို့လိုက်ခြင်း။

------ ကျွန်ုပ်တို့မိဘများကိုးကွယ်သည့်ဘာသာကိုလိုက်လျှောက်ခြင်း။

**နှလုံးသားမေးခွန်း**

သင်သည် အခြားသောခရစ်ယာန်များတို့နှင့်ပေါင်းဖေါ်ရခဲ့သောကြောင့် သင်သည်ပျော်ရွှင်မှုရှိပါသလား။

**မှတ်ချက်။** လမ်းညွှန် (၂၅) သည်ဤမေးခွန်းအဖြေကိုပေးပါမည်။ ကျွန်ုပ်သည် ဘုရားသခင်၏မှန်သော အသင်းတော်ကိုမည်ကဲ့သို့တွေ့နိုင်မည်နည်း။

-၀-

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်-------------------------------**

**လမ်းနှင့်အိမ်အမှတ်-----------------------**

**မြို့----------------------------------**

**နယ်---------------------------------**

**ကိုးကွယ်သည့်ဘာသာ---------------------**